# ၁၉၅၃ ခုနှစ်၊ နိုင်ငံတော်စိုက်ပျိုးရေးဘဏ် (ပြင်ဆင်ချက်) အက်ဥပဒေ။

[၁၉၅၃ ခုနှစ်၊ အက်ဥပဒေ အမှတ် ၆၀။]

အောက်ပါအတိုင်း အက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤအက်ဥပဒေကို၊ ၁၉၅၃ ခုနှစ်၊ နိုင်ငံတော်စိုက်ပျိုးရေးဘဏ် (ပြင်ဆင်ချက်) အက်ဥပဒေဟုခေါ်ရမည်။

(၂) ဤအက်ဥပဒေသည်၊ ၁၉၅၃ ခုနှစ်၊ နိုင်ငံတော်စိုက်ပျိုးရေးဘဏ် အက်ဥပဒေပေါ်အာဏာတည်သည့်နေ့တွင်စတင်အာဏာတည်သည်ဟုမှတ်ယူရမည်။

၂။ ။နောက်တွင်အခေါ်ပါ အက်ဥပဒေဟုရည်ညွှန်းသည့်၊ ၁၉၅၃ ခုနှစ်၊ နိုင်ငံတော်စိုက်ပျိုးရေးဘဏ် အက်ဥပဒေ ပုဒ်မ ၃ တွင်—

(၁) အောက်ပါကို အပိုဒ် (၈) အဖြစ်ဖြင့် ထည့်သွင်းရမည်။

"(၈) 'ကျေးရွာ အုပ်စု' ဆိုသည်မှာ၊ ကျေးရွာ အက်ဥပဒေ ပုဒ်မ ၄၊ အပိုဒ် ဂ တွင်အဓိပ္ပါယ်ဖော်ပြထားသောကျေးရွာ အုပ်စုကိုဆိုလိုသည့်ပြင်၊ ဤအက်ဥပဒေအလို့ငှါ ထိုစကားရပ်တွင် မြို့ပြအက်ဥပဒေ ပုဒ်မ ၅၊ ပုဒ်မခွဲ (၁) အရ၊ ခရိုင်ဝန်က ရပ်ကွက်အဖြစ် အမိန့်စာဖြင့်သတ်မှတ်သည့် မြို့အစိတ်အပိုင်းတခုခုဖြစ်သော 'ရပ်ကွက်' လည်းပါ၀ငသည်။"

(၂) ရှိရင်းစွဲအပိုဒ် (၈)၊ (ဈ) နှင့် (ည) တို့ကို အပိုဒ် (ဈ)၊ (ည) နှင့် (ဋ) အဖြစ်ဖြင့် အသစ်အက္ခရာစဉ်ရမည်။

(၃) အသစ်အက္ခရာစဉ်ထားသည့် အပိုဒ် (ဈ) တွင် "များတွင်ပြဋ္ဌာန်းထားသည့်အတိုင်း၊ ကျေးရွာတွင်" ဆိုသည့်စကားရပ်အစား "ပါပြဋ္ဌာန်းချက်များနှင့်အညီ၊ ကျေးရွာအုပ်စုတွင်" ဆိုသည့် စကားရပ်ကိုထည့်သွင်းရမည်။

၃။ ။အဆိုပါ အက်ဥပဒေ ပုဒ်မ ၆၊ ပုဒ်မခွဲ (၃) တွင် "ကျေးရွာများတွင်" ဆိုသည့်စကားရပ်အစား "ကျေးရွာအုပ်စုများတွင်" ဆိုသည့်စကားရပ်ကိုထည့်သွင်းရမည်။

၄။ ။အဆိုပါ အက်ဥပဒေ ပုဒ်မ ၃၅ တွင် "နိုင်ငံတော်သမတ က၊ အခါကာလနှင့် အခြေအနေအားလျော်စွာ၊ အမိန့်ကြော်ငြာစာဖြင့်" ဆိုသည့်စကားရပ်အစား "ဤအက်ဥပဒေအရပြုသည့် စည်းမျဉ်းဥပဒေများအရ" ဆိုသည့်စကားရပ်ကိုထည့်သွင်းရမည်။ ထို့ပြင် "ရွှေ့ပြောင်းနိုင်သည့်ပစ္စည်းကို" ဆိုသည့်စကားရပ်အစား "ရွှေ့ပြောင်းနိုင်သည့်ပစ္စည်းကို၊ သို့တည်းမဟုတ် နှစ်မျိုးလုံးကို" ဆိုသည့်စကားရင်ကိုထည့်ဘွင်းရမည်။

၅။ ။အဆိုပါ အက်ဥပဒေ ပုဒ်မ ၃၆ တွင် "အခါအားလျော်စွာသတ်မှတ်သောစည်းကမ်းချက်များ" ဆိုသည့်စကားရပ်အစား "ဤအက်ဥပဒေအရပြုသည့် စည်းမျဉ်းဥပဒေများ" ဆိုသည့်စကားရပ်ကိုထည့်သွင်းရမည်။

အတိုး—၁၀ ပြား]

၆။ ။အဆိုပါ အက်ဥပဒေ ပုဒ်မ ၅၆ တွင် '' ဘဏ် '' ဆိုသည့်စကားရပ်အစား '' စိုက်ပျိုးရေးဘဏ် '' ဆိုသည့်စကားရပ်ကိုထည့်သွင်းရမည်။

၇။ ။အဆိုပါ အက်ဥပဒေ ပုဒ်မ ၇၃ တွင် '' ကျေးရွာချေးငွေကော်မီတီ '' ဆိုသည့်စကားရပ်ခသီးသီးအစား '' ကျေးရွာငွေချေးကော်မီတီ '' ဆိုသည့်စကားရပ်ကိုထည့်သွင်းရမည်။

၈။ ။အဆိုပါ အက်ဥပဒေ ပုဒ်မ ၈၁ တွင်—

(၁) အပိုဒ် (က) ၌ '' အစုဝင်များ '' ဆိုသည့် စကားရပ်အစား '' အစုဝင်ငွေများ '' ဆိုသည့်စကားရပ်ကိုထည့်သွင်းရမည်။

(၂) အောက်ပါကို အပိုဒ် (ဃ) အဖြစ်ဖြင့်ထည့်သွင်းရမည်။

'' (ဃ) စိုက်ပျိုးရေးဘဏ်က ထုတ်ချေးသော ချေးငွေများနှင့် စိုက်ပျိုးရေးဘဏ်ကအသိအမှတ်ပြုထားသည့် ကျေးရွာဘဏ်များကထုတ်ချေးသော ချေးငွေများနှင့်စပ်လျဉ်း၍ ချုပ်ဆိုသော စာချုပ်စာတမ်းများ။ ''

၉။ ။အဆိုပါ အက်ဥပဒေ ပုဒ်မ ၈၅ (၁) တွင် '' ဘဏ်၏ '' ဆိုသည့် စကားရပ်ကိုပယ်ဖျက်ရမည်။

ပမပစ၊—အမှတ် ၃၇၊ တရားရေး၊ ၂၂-၁၁-၅၃—၂,၀၀၀—၂။